# မော်လမြိုင်တက္ကသိုလ်

# ကျောင်းသားများလက်စွဲစာအုပ်

## MAWLAMYINE UNIVERSITY

## STUDENTS HANDBOOK



**၂၀၂၅-၂၀၂၆ ပညာသင်နှစ်**

**2025-2026 ACADEMIC YEAR**

## မော်လမြိုင်တက္ကသိုလ်

## ကျောင်းသားလက်စွဲစာအုပ်

## MAWLAMYINE UNIVERSITY

## STUDENT HANDBOOK

### မျှော်မှန်းချက်

### VISION

**အရည်အချင်းရှိသော ထူးချွန်ထက်မြက်သည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးသည့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်ဖြစ်စေရန်**

**OUR VISION is to be a world-class university that produces highly qualified graduates.**

### လုပ်ငန်းတာဝန်များ

(က) ပညာရည်ထူးချွန်ပြီး ကိုယ်ရည်ကိုယ်သွေး ပြည့်ဝသည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးရန်။

(ခ) အရည်အသွေးအာမခံနိုင်မှုစနစ်(Quality Assurance System) ဖြင့် တက္ကသိုလ် ပညာရေး မြင့်မားအောင် ဆောင်ရွက်ရန်။

(ဂ) နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သင်ကြားသင်ယူမှု၊ ဆန်းသစ်တီထွင်မှု ဆိုင်ရာ သုတေသနများတိုးမြှင့် ဆောင်ရွက်ရန်။

(ဃ) ကျောင်းသားများအား ပညာရေးသာမက ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ တိုင်းချစ်ပြည်ချစ် စိတ်များထိန်းသိမ်းရေး လေ့ကျင့်သင်ကြားပေးရန်။

### MISSION

(A) To produce highly qualified graduates who have great personality

(B) To develop quality education through Quality Assurance System

(C) To enhance academic quality and innovative research by collaborating with international universities

(D)To train students not only to be intellectual and patriotic, but also to value and preserve cultural traditions

**စံတန်ဖိုးများ**

**CORE VALUE**

(၁) တာဝန်ယူမှုနှင့် တာဝန်ခံမှု (Responsibility and Accountability)

(၂) တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှု (Integrity)

(၃) တီထွင်ဆန်းသစ်နိုင်မှု (Innovation)

(၄) ပူးပေါင်းဆောင်ရွက်မှု (Collaboration)

(၅) ထူးချွန်မှု (Excellence)



**ဆောင်ပုဒ်**

**MOTTO**

“ပညာတန်ဆောင် ပြည်ကျိုးဆောင်အံ့”

**"With knowledge as a beacon, let us serve the nation"**

# နိဒါန်း

# INTRODUCTION

## ပါမောက္ခချုပ်၏အမှာစကား

## Rector's Message

မော်လမြိုင်တက္ကသိုလ် မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ကျောင်းသူများအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါတယ်။ ယခု ကျောင်းသားလက်စွဲစာအုပ်လေးဟာ မော်လမြိုင် တက္ကသိုလ် ကို လာရောက်ပညာသင်ယူကြမည့် ကျောင်းသား၊ကျောင်းသူများ၊ မိဘများ၊ လာရောက်လည်ပတ်သူများ၊ မော်လမြိုင်တက္ကသိုလ်သို့ လာရောက်တာဝန် ထမ်းဆောင် ကြမည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ ယုံကြည် ယူဆမိပါတယ်။ ယခု Student Handbook ဟာ ပထမအကြိမ်ပြုလုပ်ခြင်းဖြစ်တာကြောင့် လိုအပ်ချက်တွေ ရှိနေပါလိမ့်မယ်။ အဲဒီလိုအပ်ချက်လေးတွေကို ကျွန်တော်တို့ မော်လမြိုင်တက္ကသိုလ်ရဲ့ ကျောင်းစီမံခန့်ခွဲရေးအဖွဲ့ကို အကြံပြုချက်များပေးပို့စေလိုပါတယ်။ ဒါမှသာ နောင်နှစ်ကျောင်းသားလက်စွဲစာအုပ်မှာ ပိုမိုပြည့်စုံတဲ့ စာအုပ်လေးအဖြစ် ပြုစုပုံနှိပ် နိုင်မှာဖြစ်ပါတယ်။ လိုအပ်ချက်များကို တစ်နှစ်ပြီးတစ်နှစ် ပြုပြင်ပြောင်းလဲသွားရင်း ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ မိဘများ၊ ဝန်ထမ်းများ အားလုံး ကျေနပ်နှစ်သိမ့်သည် အထိ ပြုစုပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အခုလို မော်လမြိုင်တက္ကသိုလ်ကြီးကို တက်ရောက်ဖို့ ယုံကြည်အားကိုးစွာ ရွေးချယ်ခဲ့ကြတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

ပါမောက္ခချုပ်
မော်လမြိုင်တက္ကသိုလ်

# တက္ကသိုလ်ဆိုင်ရာအချက်အလက်များ

## GENERAL INFORMATION

### ဖွဲ့စည်းပုံ (STRUCTURE)

ပါမောက္ခချုပ်

- ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)
  - ဌာနမှူး (သင်တန်းရေးရာ)
    - သင်ကြားရေး ဌာနများ
      - မြန်မာစာဌာန
      - အင်္ဂလိပ်စာဌာန
      - ပထဝီဝင်ဌာန
      - သမိုင်းဌာန
      - ဒဿနိကဗေဒ
      - စိတ်ပညာဌာန
      - ဥပဒေပညာဌာန
      - အရှေ့တိုင်းပညာဌာန
      - ဓာတုဗေဒဌာန
      - ရူပဗေဒဌာန
      - သင်္ချာဌာန
      - သတ္တဗေဒဌာန
      - ရုက္ခဗေဒဌာန
      - ဘူမိဗေဒဌာန
      - အဏ္ဏဝါသိပ္ပံဌာန
      - စီးပွားရေးပညာဌာန
    - ကျောင်းသားရေးရာ နှင့် ကျောင်းဆောင်ဌာနခွဲ
    - စာမေးပွဲနှင့်ဘွဲ့နှင်းသဘင် ဌာနခွဲ
    - မော်လမြိုင်အဝေးသင်ဌာနခွဲ
    - စာကြည့်တိုက်
    - အားကစားဌာနခွဲ
- ဒုတိယပါမောက္ခချုပ် (စီမံ/ဘဏ္ဍာ)
  - ဌာနမှူး (စီမံ/ဘဏ္ဍာ)
    - ဘဏ္ဍာဌာနခွဲ
    - ငွေစာရင်းဌာနခွဲ
    - ဝန်ထမ်းရေးရာဌာနခွဲ
    - အင်ဂျင်နီယာဌာနခွဲ
    - နယ်မြေဌာနခွဲ



# ဆက်သွယ်ရန်ပုဂ္ဂိုလ်များ

## CONTACT PERSONS

ဒေါက်တာချစ်စိန်
ပါမောက္ခချုပ်
ဖုန်း ၀၉ ၄၃၀၃၀၈၆၈

ဒေါက်တာမြင့်သီတာ
ဒုတိယပါမောက္ခချုပ် (စီမံ/ဘဏ္ဍာ)
ဖုန်း ၀၉ ၄၃၁၅၈၉၉၁

ဒေါက်တာသီတာထွန်း
ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)
ဖုန်း ၀၉ ၅၁၃၈၁၈၀

ဌာနမှူး (စီမံ/ဘဏ္ဍာ)

ဒေါ်မေမီခင်
ဌာနမှူး (သင်တန်းရေးရာ)
ဖုန်း ၀၉ ၄၂၅၂၇၈၆၅၉

ဒေါက်တာသွင်သွင်အောင်
ပါမောက္ခ(ဌာနမှူး)
မြန်မာစာဌာန
ဖုန်း ၀၉ ၅၅၀၁၇၆၂

ဒေါက်တာစုစုယဉ်
ပါမောက္ခ(ဌာနမှူး)
အင်္ဂလိပ်စာဌာန
ဖုန်း ၀၉ ၅၀၅၇၈၆၈

ဒေါက်တာသီတာရွှေ
ပါမောက္ခ(ဌာနမှူး)
ပထဝီဝင်ဌာန
ဖုန်း ၀၉ ၄၅၁၄၆၇၅၂၂

ဒေါက်တာသိင်္ဂီနွယ်
ပါမောက္ခ(ဌာနမှူး)
သမိုင်းဌာန
ဖုန်း ၀၉ ၄၄၃၀၉၈၁၆၄

ဒေါက်တာမာလာဝင်း
ပါမောက္ခ(ဌာနမှူး)
ဒဿနိကဗေဒဌာန
ဖုန်း ၀၉ ၄၂၅၂၇၄၂၆၀

ဒေါက်တာဌေးဌေးလွင်
ပါမောက္ခ(ဌာနမှူး)
စိတ်ပညာဌာန
ဖုန်း ၀၉ ၄၄၉၂၅၄၈၈၃

ဒေါက်တာခင်ခင်ဌေး
ပါမောက္ခ(ဌာနမှူး)
ဥပဒေပညာဌာန
ဖုန်း ၀၉ ၅၂၀၀၄၈၁

ဒေါက်တာသန်းသန်းအင်
ပါမောက္ခ(ဌာနမှူး)
အရှေ့တိုင်းပညာဌာန

ဒေါက်တာလက်လက်သိန်းထွန်း
ပါမောက္ခ(ဌာနမှူး)
ဓာတုဗေဒဌာန
ဖုန်း ၀၉ ၄၃၀၀၄၉၉၄

ဒေါက်တာဒေါ်စိန်မြိုင်
ပါမောက္ခ(ဌာနမှူး)
ရူပဗေဒဌာန
ဖုန်း ၀၉ ၄၄၉၂၅၄၁၈၇

ဒေါက်တာသင်းသင်းမာ
ပါမောက္ခ(ဌာနမှူး)
သင်္ချာဌာန
ဖုန်း ၀၉ ၄၂၂၄၆၃၅၃၄

ဒေါက်တာမြင့်မြင့်သန်း
ပါမောက္ခ(ဌာနမှူး)
သတ္တဗေဒဌာန
ဖုန်း ၀၉ ၅၀၅၀၅၅၉

ဒေါက်တာမိုးမိုးခိုင်
ပါမောက္ခ(ဌာနမှူး)
ရုက္ခဗေဒဌာန

ဒေါက်တာကိုရီလှ
ပါမောက္ခ(ဌာနမှူး)
ဘူမိဗေဒဌာန
ဖုန်း ၀၉ ၄၂၈၁၃၂၇၅၀

ဒေါက်တာညိုညိုထွန်း
ပါမောက္ခ(ဌာနမှူး)
အဏ္ဏဝါသိပ္ပံဌာန
ဖုန်း ၀၉ ၄၁၀၀၄၇၇၄

ဦးသိန်းမင်းထိုက်
တွဲဖက်ပါမောက္ခ(ဌာနမှူး)
စီးပွားရေးပညာဌာန
ဖုန်း ၀၉ ၇၉၅၁၁၆၆၁၀

ဒေါ်မာမာအေး
ဒုတိယညွှန်ကြားရေးမှူး
အင်ဂျင်နီယာဌာန

ဒေါ်ရွှေရည်ဝင်းဝင်းချစ်
အင်ဂျင်နီယာမှူးကြီး
အင်ဂျင်နီယာဌာန

ဒေါ်မြင့်မြင့်စန်း
ဌာနခွဲမှူး(စီမံ)
မော်လမြိုင်အဝေးသင်ဌာနခွဲ
ဖုန်း ၀၉ ၂၅၂၃၇၆၇၃၂

ဦးစိန်မင်း
မော်ကွန်းထိန်း
ကျောင်းဆောင်နှင့်
ကျောင်းသားရေးရာဌာနခွဲ
ဖုန်း ၀၉ ၂၅၉၆၆၀၅၆၇

ဦးညွန့်စိုး
ဌာနခွဲမှူး(စီမံ)
ဝန်ထမ်းရေးရာဌာနခွဲ
ဖုန်း ၀၉ ၉၇၉၃၀၉၁၂၄

ဒေါ်မာလာသိန်း
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်

ဒေါက်တာဝင်းဝင်းဆွေ
စာကြည့်တိုက်မှူး
စာကြည့်တိုက်ဌာန


ဦးမိုးသူရ
ဦးစီးအရာရှိ(အား/ကား)
အားကစားဌာန



# မော်လမြိုင်တက္ကသိုလ် အဆောက်အဦ မြေပုံ

## MASTER PLAN MAP OF MAWLAMYINE UNIVERSITY

**မော်လမြိုင်တက္ကသိုလ် Google Satellite ပုံ**




| စဉ် | မြေပုံ အညွှန်း | အဆောက်အမည် |
|---|---|---|
| ၁ | ၁ | တက္ကသိုလ်မုခ်ဦး |
| ၂ | ၂ | ဘွဲ့နှင်းသဘင်ခန်းမ |
| ၃ | ၃ | စာကြည့်တိုက် |
| ၄ | ၄-က | ရာမည(၁) |
| | ၄-ခ | ရာမည(၂) |
| | ၄-ဂ | ရာမည(၃) |
| | ၄-ဃ | ရာမည(၄) |
| | ၄-င | ရာမည(၅) |
| | ၄-စ | ဗညားဦး |
| | ၄-ဆ | ဗညားထော |
| | ၄-ဇ | ဗညားနွဲ့ |
| ၅ | ၅ | ဗညားဒလ |
| ၆ | ၆-က | မြဟေမာ |
| | ၆-ခ | စမ်းသီတာ |
| | ၆-ဂ | သမိန်ဗရမ်း |
| ၇ | ၇ | ၁ထပ်ခေတ်ခွဲခန်း |
| | ၇-က | စိတ်ပညာ |
| | ၇-ခ | အဏ္ဏဝါသိပ္ပံ |
| | ၇-ဂ | ဘူမိဗေဒ |
| | ၇-ဃ | ဓာတုဗေဒ |
| ၈ | ၈ | ဘောလုံးကွင်း |
| ၉ | ၉ | မိုးလုံးလေလုံးအားကစားရုံ |
| ၁၀ | ၁၀ | ၃-ထပ်ကျောင်းသူအိပ်ဆောင် |
| | ၁၀-က | ပတ္တမြားဆောင် |
| | ၁၀-ခ | ရွှေမြိုင်ဆောင် |
| ၁၁ | ၁၁ | ၂-ထပ်ကျောင်းသူအိပ်ဆောင် |
| | ၁၁-က | နီလာဆောင် |
| | ၁၁-ခ | ပုလဲဆောင် |
| | ၁၁-ဂ | သန္တာအောင် |
| | ၁၁-ဃ | သံလွင်ဆောင် |
| | ၁၁-င | အင်ကြင်းဆောင် |
| | ၁၁-စ | သရဖီဆောင် |
| ၁၂ | ၁၂ | ၁-ထပ်ကျောင်းသူအိပ်ဆောင် |
| | ၁၂-က | ယုဇနဆောင် |
| | ၁၂-ခ | တနသ်ာရီဆောင် |
| ၁၃ | ၁၃ | ၄-ခန်းတွဲ ၄ ထပ် ဆရာ/ဆရာမနေအိမ် |
| ၁၄ | ၁၄ | ၈ ခန်းတွဲ ၃ ထပ် ဆရာ/ဆရာမနေအိမ် |
| ၁၅ | ၁၅ | ၄ ခန်းတွဲ ၂ ထပ် ဆရာ/ဆရာမနေအိမ် |
| ၁၆ | ၁၆ | ၈ ခန်းတွဲ ၂ ထပ် ဆရာ/ဆရာမနေအိမ် |
| ၁၇ | ၁၇ | ၆ ခန်းတွဲ ၂ ထပ် ဆရာ/ဆရာမနေအိမ် |
| ၁၈ | ၁၈ | ၄၈ ခန်းပါ ဆရာမများဆောင် |
| ၁၉ | ၁၉ | ပါမောက္ခချုပ်နေအိမ် |
| ၂၀ | ၂၀ | ဒုတိယပါမောက္ခချုပ်နေအိမ်များနေအိမ် |
| ၂၁ | ၂၁ | ၁ ထပ် အရာထမ်းများနေအိမ် |

| စဉ် | မြေပုံ အညွှန်း | အဆောက်အမည် |
|---|---|---|
| ၂၂ | ၂၂ | ၁ ထပ် အမှုထမ်းများနေအိမ် |
| | ၂၂-က | သိင်္ဂီဆောင် |
| | ၂၂-ခ | မဥ္ဇူအောင် |
| | ၂၂-ဂ | စပယ်ဆောင် |
| | ၂၂-ဃ | ယုဇတီအောင် |
| | ၂၂-င | အမှုထမ်းနေအိမ် |
| ၂၃ | ၂၃ | ပညာရှိပ်သာ ဝန်ထမ်းအိမ်ရာ |
| ၂၄ | ၂၄-က | ၂ ထပ် ဧည့်ရိပ်သာ |
| | ၂၄-ခ | ၁ ထပ် ဧည့်ရိပ်သာ-၁ |
| | ၂၄-ဂ | ၁ထပ် ဧည့်ရိပ်သာ-၂ |
| ၂၅ | ၂၅ | ရုက္ခဗေဒဥယျာဉ် |
| ၂၆ | ၂၆ | Transformer |
| ၂၇ | ၂၇ | ကားပါကင် |
| ၂၈ | ၂၈ | တက္ကသိုလ်ဆေးရုံ |
| ၂၉ | ၂၉ | တက္ကသိုလ်သိပ္ပံသုတေသနစင်တာ |
| ၃၀ | ၃၀ | ပင်မစာသင်ဆောင် |
| ၃၁ | ၃၁ | ငါးရိုးပြတိုက် |
| ၃၂ | ၃၂ | ကျောင်းသူနားနေဆောင် |
| ၃၃ | ၃၃ | ကျောင်းသားနားနေဆောင် |
| ၃၄ | ၃၄ | ၂-ထပ်ကျောင်းသားအိပ်ဆောင် |
| | ၃၄-က | မော်လမြိုင်ဆောင် |
| | ၃၄-ခ | သထုံဆောင် |
| | ၃၄-ဂ | ကျောက်ကရိတ်ဆောင် |
| | ၃၄-ဃ | ဘားအံဆောင် |
| | ၃၄-င | ထားဝယ်ဆောင် |
| | ၃၄-စ | မြိတ်ဆောင် |
| | ၃၄-ဆ | ဗညားဆောင် |
| | ၃၄-ဇ | မြဝတီဆောင် |
| ၃၅ | ၃၅ | လျှို့ဝှက်စခန်း |
| ၃၆ | ၃၆ | Community Center |
| ၃၇ | ၃၇ | ဆရာများဆောင် |
| ၃၈ | ၃၈ | ခမ္ဘာရုံ |
| ၃၉ | ၃၉ | ဘာလထောခန်းမ |
| ၄၀ | ၄၀ | ရုံးအဆောက်အဦများ |
| ၄၁ | ၄၁ | စားသောက်ဆိုင် |

## ဖွင့်လှစ်သင်ကြားလျက်ရှိသော ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ

**UNDERGRADUATE AND POST-GRADUATE PROGRAMME**

မော်လမြိုင်တက္ကသိုလ်တွင် သင်ကြားရေးဌာန (၁၆) ဌာနရှိပြီး ဘာသာရပ် (၁၈)မျိုးအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

| စဉ် | ဘာသာရပ်ဌာန | ပထမဘွဲ့ | | ဘွဲ့လွန်ဘွဲ့ | | ပါရဂူဘွဲ့ |
|---|---|---|---|---|---|---|
| | | ရိုးရိုးဘွဲ့ | ဂုဏ်ထူးတန်း | ဒီပလိုမာ | မဟာဘွဲ့ | |
| ၁ | မြန်မာစာ | B.A. | B.A (Hons.) | | M.A. | |
| ၂ | အင်္ဂလိပ်စာ | B.A. | B.A (Hons.) | | M.A. | Ph.D. |
| ၃ | ပထဝီဝင် | B.A. | B.A (Hons.) | | M.A. | Ph.D. |
| ၄ | သမိုင်း | B.A. | B.A (Hons.) | | M.A. | |
| ၅ | ဒဿနိကဗေဒ | B.A. | B.A (Hons.) | | M.A. | |
| ၆ | စိတ်ပညာ | B.A. | B.A (Hons.) | | M.A. | |
| ၇ | ဥပဒေပညာ | LLB/B.A.(Law) | | DBL | LLM | |
| ၈ | အရှေ့တိုင်းပညာ | B.A. | B.A (Hons.) | | M.A. | |
| ၉ | စီးပွားရေးပညာ | B.A (Eco) | | | | |
| ၁၀ | ဓာတုဗေဒ | B.Sc. | B.Sc. (Hons.) | | M.Sc. | Ph.D. |
| ၁၁ | ရူပဗေဒ | B.Sc. | B.Sc. (Hons.) | | M.Sc. | Ph.D. |
| ၁၂ | သင်္ချာ | B.Sc. | B.Sc. (Hons.) | | M.Sc. | |
| ၁၃ | သတ္တဗေဒ | B.Sc. | B.Sc. (Hons.) | | M.Sc. | |
| ၁၄ | ရုက္ခဗေဒ | B.Sc. | B.Sc. (Hons.) | | M.Sc. | |
| ၁၅ | ဘူမိဗေဒ | B.Sc. | B.Sc. (Hons.) | | M.Sc. | |
| ၁၆ | အဏ္ဏဝါသိပ္ပံ | B.Sc. | B.Sc. (Hons.) | | M.Sc. | Ph.D. |
| ၁၇ | ဇီဝဓာတုဗေဒ (ဓာတုဗေဒဌာန) | B.Sc. | B.Sc. (Hons.) | | M.Sc. | |
| ၁၈ | အဏုဇီဝဗေဒ (ရုက္ခဗေဒဌာန) | B.Sc. | B.Sc. (Hons.) | | | |

# ပညာရေးမူဝါဒများ နှင့် ကျောင်းအပ်မှတ်ပုံတင်ရန်လုပ်ငန်းများ

## ACADEMIC POLICIES AND ADMISSION PROCEDURES

### ပထမနှစ်ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်

နိုင်ငံတော်မှပြဋ္ဌာန်းသည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခွင့်ပြုခြင်းခံရသူများ၊ အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ကျောင်းပြောင်းလက်မှတ်ဖြင့် ပြောင်းရွှေ့တက်ရောက်ခြင်းခံရသူများ သက်ဆိုင်ရာဘာသာရပ် များတွင် အနိမ့်ဆုံး သတ်မှတ်အမှတ်နှင့် ဘာသာတွဲကိုက်ညီပြီး အရည်အချင်းသတ်မှတ်ချက် ကိုက်ညီပါက ပထမနှစ်သင်တန်းသို့ ကျောင်းတက်ရောက်ခွင့်ရှိသည်။ ဖွင့်လှစ်သင်ကြားလျက် မရှိသည့် ဘာသာရပ်ဖြင့် ကျောင်းပြောင်းရွှေ့လာပါက ဘာသာရပ်ပြောင်းလျှောက်ထားပြီး ဘာသာရပ်ပြောင်းစိစစ်ရွေးချယ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်ခွင့်ရှိသည်။

### ဒုတိယနှစ်နှင်အထက် သင်တန်းများ သတ်မှတ်ချက်

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးသည် သက်ဆိုင်ရာ သင်တန်းနှစ်အသီးသီး ကို အောင်မြင်ပြီးသူများ၊ နိုင်ငံတော်က အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ကျောင်းပြောင်း တက်ရောက်သူများ (စည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူ) အားလုံး တက်ရောက်ခွင့် ရှိသည်။ ပထမနှစ်ဝက် ပညာသင်ကာလတွင်သာ ကျောင်းပြောင်းခြင်းကို ဆောင်ရွက်ရမည်။ ဒုတိယနှစ်ဝက်ပညာသင်ကာလတွင် မိဘဝန်ထမ်းပြောင်းများကိုသာ ကျောင်းပြောင်းရွှေ့ခြင်း၊ လက်ခံခြင်းများ ဆောင်ရွက်ရမည်။

### စီးပွားရေးဥပဒေပညာဒီပလိုမာသင်တန်းသို့တက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်

နိုင်ငံတော်ကအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ စီးပွားရေးဥပဒေ ပညာ ဒီပလိုမာသင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို ဖြေဆိုအောင်မြင်သူများ တက်ရောက်ခွင့် ရှိသည်။

### မဟာဘွဲ့သင်တန်းများတက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်

ဘွဲ့လွန် မဟာဘွဲ့တက်ရောက်ရန်အတွက် ဂုဏ်ထူးတန်းဘွဲ့ကို အနိမ့်ဆုံး ဒုတိယတန်း ဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့သူများ၊ မဟာအရည်အချင်းစစ် သင်တန်းအောင်မြင်ခဲ့သူများ၊ ပဉ္စမနှစ်ဥပဒေပညာသင်တန်းကို အောင်မြင်ခဲ့ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူများ အားလုံး တက်ရောက်ခွင့်ရှိသည်။

**ပါရဂူဘွဲ့ကြိုသင်တန်းများတက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမများ ဖြစ်ပါက ပါရဂူကြိုဝင်ခွင့် အရည်အချင်းသတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်ပါပြီး ပါရဂူဘွဲ့ကြို(Prelim) ဝင်ခွင့် ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများသာ တက်ရောက်ခွင့်ရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ဆရာမမဟုတ်သော ပညာရေးဝန်ထမ်းနှင့် အခြားဝန်ကြီးဌာနမှ ဝန်ထမ်းများ ဖြစ်ပါက သတ်မှတ်ချက် စည်းမျဉ်း၊စည်းကမ်းများ ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများဖြစ်ပါက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ကို **CGPA 4.5** နှင့်အထက် ရရှိသူ(သို့) အနည်းဆုံး မဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသနများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူများ လျှောက်ထားနိုင်သည်။

**ကျောင်းအပ်မှတ်ပုံတင်ရန်လုပ်ငန်းအဆင့်ဆင့်**

(က) ပထမဦးစွာ ကျောင်းသားရေးရာဌာနသို့ သွားရောက်၍ ဆက်သွယ်ကာ ကျောင်းအပ်မှတ်ပုံတင် လျှောက်လွှာပုံစံကို မှန်ကန်စွာဖြည့်စွက်၍ လိုင်စင်ဓာတ်ပုံ (၆)ပုံနှင့်တကွ ကျောင်းသားရေးရာဌာနတွင် လျှောက်လွှာပုံစံကို တင်သွင်းရမည်။

(ခ) ကျောင်းသားရေးရာဌာနက လျှောက်လွှာကို မှန်/မမှန် စိစစ်၍ မှန်ကန်ပါက သက်ဆိုင်ရာ ဘာသာရပ်ဌာနသို့ သွားရောက်၍ ပါမောက္ခ(ဌာနမှူး)၏ ထောက်ခံချက် ရယူရမည်။

(ဂ) ပါမောက္ခ(ဌာနမှူး)၏ ထောက်ခံချက်ရရှိပါက ကျောင်းသားရေးရာဌာနသို့ လျှောက်လွှာကို ပြန်လည်တင်ပြ၍ မော်ကွန်းထိန်းမှ မှန်ကန်ကြောင်း စိစစ်ပြီးပါက ငွေသွင်းရမည် ဖြစ်သည်။

(ဃ) ယခုအခါ Online Payment စနစ်ဖြင့် ငွေသွင်းရန်ဖြစ်သဖြင့် သတ်မှတ်ထားသော ဘဏ်များ၏ Mobile Wallet များအား မိမိ Mobile Phone ထဲတွင် Download ရယူပြီး Install လုပ်၍ ငွေဖြည့်ထားပါ။ Online လျှောက်လွှာပုံစံတွင် မှန်ကန်စွာဖြည့်စွက်၍ နောက်ဆုံးတွင် ကျသင့်ငွေကိုပေးချေပါက ပြေစာတစ်ခု ပြန်လည်ရရှိပါက ကျောင်းအပ်နှံမှတ်ပုံတင်ခြင်း ပြီးမြောက်ပါသည်။ အဆိုပါပြေစာအား Screen Shot ပြုလုပ်၍ Print

ထုတ်ပြီး သိမ်းဆည်းထားပါ။ ထို့နောက် ကျောင်းသားရေးရာဌာနတွင် ပြောစာကိုပြ၍ ကျောင်းဝင်ခွင့်ပုံစံထုတ်ယူဖြည့်စွက်ပြီး သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး အတည်ပြု လက်မှတ်ရေးပြီးပါက ကျောင်းသားရေးရာဌာနသို့ ပြန်လည်တင်ပြရမည်။ ကျောင်းသား မှတ်ပုံတင်ကတ်ပြား ထုတ်ယူသည့်အခါ ပြသ၍ ထုတ်ယူရမည်။

## လိုအပ်မည့်အချက်အလက်များ

အမည် (မြန်မာလို/အင်္ဂလိပ်လို)

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

နေရပ်လိပ်စာ ၊ ဖုန်းနံပါတ်

မွေးသက္ကရာဇ်

တက္ကသိုလ်ဝင်စာမေးပွဲ ခုံနံပါတ်၊ စာစစ်ဌာန/ ယခင်နှစ် ခုံနံပါတ်

| | |
|---|---|
| အဘအမည် (မြန်မာလို/အင်္ဂလိပ်လို) | အမိအမည် (မြန်မာလို/အင်္ဂလိပ်လို) |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
| အလုပ်အကိုင်၊ နေရပ်လိပ်စာ | အလုပ်အကိုင်၊ နေရပ်လိပ်စာ |
| ဖုန်းနံပါတ် | ဖုန်းနံပါတ် |

## စည်းမျဉ်းစည်းကမ်းများ

## RULES AND REGULATION

(က) သင်တန်းနှစ်များအတွက် သင်တန်းနှစ်တစ်နှစ်လျှင် ပညာသင်နှစ်ဝက် (Semester) ၂ ခု တက်ရောက်ရမည်။ ပညာသင်နှစ်ဝက် တိုင်းတွင် ၄ လ ကြာမြင့်မည်ဖြစ်ပြီး စာမေးပွဲ ဖြေဆိုရမည်။ ပထမနှစ်ဝက်ပြီးဆုံးပါက ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် ပေါင်းပြီး စာမေးပွဲအောင်စာရင်း ထုတ်ပြန်ပါသည်။ ပထမနှစ်ဝက် နှင့် ဒုတိယနှစ်ဝက် ပညာသင်ကာလ နှစ်ခုစလုံး အောင်မြင်ရမည်။ ပညာသင်နှစ်ဝက်(Semester)တစ်ခုခု တွင် ကျရှုံးပါက တစ်ကြိမ်ကျ (1F)ဟု သတ်မှတ်ပြီး ကျရှုံးဘာသာများကို ကပ်လျက်/ တစ်ဆက်တည်း ပညာသင်နှစ်တွင် ကျောင်းအပ်မှတ်ပုံတင်၍ ကျရှုံးသော ပညာသင် နှစ်ဝက်အလိုက်၊ ကျရှုံးဘာသာရပ်များ၏ မော်ဂျူးလ်များကို ပြန်လည်ဖြေဆိုရမည်။

(ခ) အကယ်၍ ၂ နှစ်ဆက်တိုက် ကျရှုံးပါက နှစ်ကြိမ်ကျ (2F)ဟု သတ်မှတ်ပြီး ဆက်လက် တက်ရောက်လိုပါက ကပ်လျက်/တစ်ဆက်တည်း ပညာသင်နှစ်တွင် ပြင်ပကျောင်းသား အဖြစ် မှတ်ပုံတင်၍ ကျရှုံးဘာသာရပ်များ၏ မော်ဂျူးလ်များကိုသာ ပြန်လည်ဖြေဆိုရ မည်။ (၁)နှစ်သာ ပြင်ပကျောင်းသားအဖြစ် ပြန်လည် ဖြေဆိုခွင့်ရှိသည်။

(ဂ) ပြင်ပဖြေဆိုရာတွင် ထပ်မံကျရှုံးပါက နေ့သင်တန်းသို့ တက်ရောက်ခွင့် မရှိတော့ဘဲ အဝေးသင်သင်တန်းသို့ ပြောင်းရွှေ့တက်ရောက်ရမည်ဖြစ်သည်။ ထိုသို့ပြောင်းရွှေ့ တက်ရောက်ရာတွင် အဝေးသင်သင်တန်းတွင်မရှိသော ဘာသာရပ်များဖြစ်ပါက သင်တန်းနှစ်အလိုက်၊ အထူးပြုဘာသာရပ်များအလိုက်၊ သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လျှောက်ထား၍ တက်ရောက်ကြရမည်။

(ဃ) မော်လမြိုင်မြို့နယ် စည်ပင်နယ်နိမိတ်အပြင်မှ ကျောင်းသား၊ကျောင်းသူများသည် ကျောင်းဆောင်နေထိုင်ခွင့် လျှောက်ထားခွင့်ရှိပြီး ကျောင်းဆောင်လျှောက်ထားလို ပါက လျှောက်လွှာကို ကျောင်းသားရေးရာဌာနတွင် ထုတ်ယူ၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ(ဌာနမှူး)ထောက်ခံချက် **(သို့)** ကျောင်းဆောင်နေရာချထားရေးနှင့် ကြီးကြပ် ရေးကော်မတီ၏ ခွင့်ပြုချက်ရရှိပါက လျှောက်လွှာကို ပြန်လည်တင်ပြကြရမည်။ ကျောင်းဆောင်နေထိုင်ခွင့်ရရှိခဲ့ပြီး စာမေးပွဲကျရှုံးခဲ့ပါက ကျောင်းဆောင်နေထိုင်ခွင့်ကို ရပ်ဆိုင်းမည်။ ၎င်းအပြင် ကျောင်းဆောင်စည်းကမ်းဖောက်ဖျက်ခြင်းနှင့် ကျူးလွန်ခြင်း များအတွက် အပြစ်ပေးအရေးခြင်းခံရပါက အဆောင်နေထိုင်ခွင့်ကို ရပ်ဆိုင်းမည်။

## ဘဏ္ဍာရေးဆိုင်ရာအချက်လက်များ

## FINANCIAL INFORMATION

(က) သင်တန်းနှစ်အသီးသီးအတွက် လက်တွေ့ရှိသော သိပ္ပံဘာသာရပ်သင်တန်းများနှင့် လက်တွေ့ရှိသော ဝိဇ္ဇာဘာသာရပ်သင်တန်းများအတွက် တစ်နှစ်စာပေးသွင်းရမည့် ကျောင်းလခ စသည့် အခကြေးငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | သင့်ငွေ(ကျပ်) |
|---|---|---|
| ၁။ | မှတ်ပုံတင်ကြေး | ၂၀၀၀ |
| ၂။ | ကျောင်းဝင်ကြေး | ၂၀၀၀ |
| ၃။ | ကျောင်းလခ(တစ်နှစ်အတွက်) | ၆၀၀၀၀ |
| ၄။ | အားကစားကြေး | ၂၀၀၀ |
| ၅။ | ဓာတ်ခွဲခန်းကြေး | |
| | (က) လက်တွေ့ရှိသောသိပ္ပံဘာသာရပ်သင်တန်းများ | ၆၀၀၀ |
| | (ခ) လက်တွေ့ရှိသောဝိဇ္ဇာဘာသာရပ်သင်တန်းများ | ၃၀၀၀ |
| ၆။ | စာမေးပွဲကြေး (၂ ကြိမ်အတွက်) | ၅၀၀၀ |
| ၇။ | စာကြည့်တိုက်ကြေး | ၅၀၀၀ |

(ခ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ်သင်တန်းအသီးသီးတွင် တက်ရောက်ခွင့်ရသော ကျောင်းသား၊ကျောင်းသူများသည် ပညာသင်ထောက်ပံ့ကြေး လျှောက်ထားခွင့်ရှိပြီး ကျောင်းသားရေးရာဌာနၡ ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာပုံစံကို ထုတ်ယူပြီး ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ပူးတွဲတင်ပြရမည့် အချက်အလက်များဖြင့် သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး) ၏ ထောက်ခံချက်နှင့်တကွ တင်ပြရမည်။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသာ လျှောက်ထားခွင့်ရှိသည်။ ပထမနှစ်ကျရှုံးထားသူများ၊ အဝေးသင် ကျောင်းသားများ လျှောက်ထားခွင့်မရှိပါ။

## သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုများ

**EXTRACULLA ACTIVITIES**

(က) စာသင်ကြားရေးအပြင် အခြားလှုပ်ရှားမှုများအနေဖြင့် အားကစား လှုပ်ရှားမှု၊ အနုပညာ၊ စာပေ၊ ဂီတ လှုပ်ရှားမှု၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီများ လှုပ်ရှားမှု၊ လူမှုရေးအသင်းအဖွဲ့များ လှုပ်ရှားမှု၊ ဘာသာရေးအသင်းအဖွဲ့ လှုပ်ရှားမှုများ တွင် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

(ခ) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၊ အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ အာစရိယပူဇော်ပွဲ၊ ဂုဏ်ပြုမိတ်ဆုံစားပွဲ၊ ထမနဲထိုးပွဲ၊ ညောင်ရေသွန်းပွဲ၊ ဝတ်ရွတ်ပွဲ၊ ဥပုသ်သီလခံယူပွဲ၊ သီတင်းကျွတ် မီးထွန်းပွဲ၊ ကထိန် အလှုူပွဲ စသဖြင့် ပွဲတော်များတွင် ပျော်ရွှင်စွာ ဝင်ရောက် ဆင်နွှဲနိုင်သည်။

(ဂ) အနုပညာအသင်း၊ ခြေလျင်နှင့်တောင်တက်အသင်း၊ ကြက်ခြေနီအသင်း၊ ဗုဒ္ဓဘာသာ အသင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(မွန်၊ကရင်၊ပအိုဝ်း)၊ အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ် စသည့် အသင်းအဖွဲ့များ၏ လှုပ်ရှားမှုများ၊ သင်တန်းများ တွင် ပါဝင်တက်ရောက်နိုင်သည်။

(ဃ) အခါကြီး၊ ရက်ကြီးများတွင် သက်ဆိုင်ရာ နေ့ထူး၊ ဂုဏ်ထူးနှင့် သက်ဆိုင်သော ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါး ပြိုင်ပွဲများကျင်းပ၍ ဆုရရှိသူများအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပါသည်။

(င) အားကစားပြိုင်ပွဲများတွင်လည်း တက္ကသိုလ်အဆင့် ဘာသာရပ်ပေါင်းစုံ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ပြေးခုန်ပစ်၊ကြက်တောင်၊စားပွဲတင်တင်းနစ်၊ စစ်တုရင်၊ ဖူဆယ် စသဖြင့် ကျင်းပပါသည်။ ဇုန်အဆင့် ပြိုင်ပွဲများတွင် မော်လမြိုင်ဇုန်အဖြစ် မော်လမြိုင်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ် များမှ လက်ရွေးစင် အားကစားသမားများအား ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ကာ ဝင်ရောက် ယှဉ်ပြိုင်ပါသည်။